# ရခိုင်အမျိုးသမီးများအစည်းအရုံး (RWU) ဒုတိယအကြိမ်ညီလာခံ ထုတ်ပြန်ကြေငြာချက်။

ရခိုင်သက္ကရာဇ် ၁၃၆၅ ခု တန်ဆောင်မုန်းလဆုတ် (၆ – ၈)ရက်၊ ခရစ်သက္ကရာဇ် ၂၀၀၃ ခု နိုဝင်ဘာလ (၁၄ – ၁၆) ရက်နိထိ  ရခိုင်အမျိုးသမီးများအစည်းအရုံး ဒုတိယအကြိမ်ညီလာခံကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။

ဤညီလာခံသို့ အိန္ဒိယနယ်စပ်အခြေစိုက်အဖွဲ့ဝင်ကိုယ်စားလှယ်များ၊ ရခိုင်ပြည်ထဲမှအဖွဲ့ဝင်ကိုယ်စားလှယ်များ၊ ဒါကာမှအဖွဲ့ဝင်ကိုယ်စားလှယ်များနှင့် ဖလောင်းချိပ်နယ်စပ်ဒေသမှ ကိုယ်စားလှယ်ပေါင်း (၂၃) ဦး၊ လေ့လာသူနှင့် ကူညီအားပေးသူ (၈)ဦး စုစုပေါင်း (၃၁)ဦးတက်ရောက်ကာ ဒုတိယအကြိမ်ညီလာခံကို စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။

ညီလာခံတွင် လက်ရှိစစ်အစိုးရ နအဖရန်သူအောက် ကျရောက်နေရသော ရခိုင်ပြည်နှင့် ရခိုင်လူမျိုးတို့၏ဘဝကို၄င်း၊ လူမျိုးကိုလူမျိုးမျိုးရန်ကြိုးစားနေသော စစ်အစိုးရမဟုတ်သည့် **"လူစပါးကြီးမြွေ "** အနီးကပ်ရန်သူများ အကြောင်းကို၄င်း၊ မြန်မာပြည်လက်ရှိနိုင်ငံရေးအခြေအနေများကို၄င်း အကျယ်တဝင့်ဆွေး နွေးပြီး အနာဂတ်တွင် ဆက်လက် အကောင်အထည်ဖေါ်လုပ်ဆောင်လားသင့်သည့် ရခိုင်အမျိုးသမီးများ၏ ကဏ္ဍများ ကို ဆွေးနွေး တင်ပြခဲ့ကြပါ သည်။ ထို့အပြင် ရခိုင်အမျိုးသမီးများအစည်းအရုံး၏ ဖွဲ့စည်း အုပ်ချုပ်ပုံအခြေခံဥပဒေကိုလည်း ပြန်လည်ဖြည့်စွက် ပြင်ဆင်ကာ အတည်ပြုချက်ရယူပါသည်။ ၄င်းနောက် (၃)နှစ်တာ ညီလာခံသက်တမ်းအတွင်း ဝင်ငွေနှင့်ထွက်ငွေ စာရင်းများကို ရှင်းလင်းတင်ပြပြီး ရခိုင်အမျိုးသမီးများအစည်းအရုံး၏ အနာဂတ်ဖြစ်ပေါ်တိုးတက်မှုအတွက် ဆုံး ဖြတ်ချက် (၁၀) ချက်ကို ညီလာခံမှ တညီတညွတ်တည်း အတည်ပြုမှတ်ကာ လာမည့်ညီ လာခံသက်တမ်း (၃)နှစ်တာအတွက် တာဝန်ထမ်းဆောင်လားမည့် ဗဟိုကော်မီတီများကိုရွေးချယ်ကာ အောက်ပါအတိုင်း ညီလာ ခံမှ တာဝန်အပ်နှင်းခဲ့ပါသည်။

## နာယကများ

၁။ စောစိန်နုဖြူ
၂။ စောမြစန္ဒီအောင်

## ဗဟိုကော်မီတီဝင်များ

| | |
|---|---|
| ၁။ စောမြရာဇာလင်း | ဥက္ကဌ |
| ၂။ စောဆိုနီဇာ | ဒု–ဥက္ကဌ |
| ၃။ စောစံငြိမ်းသူ | အထွေထွေအတွင်းရေးမှူး |
| ၄။ စောသန်းသန်းဝင်း | တွဲဘက်အထွေထွေအတွင်းရေးမှူး |
| ၅။ စောအိးရွှီဇင် | နိုင်ငံခြားရေးတာဝန်ခံ |
| ၆။ စောသွန္တာလင်း | ကျန်းမာရေးဌာနတာဝန်ခံနှင့် နိုင်ငံခြားရေး ဒု–တာဝန်ခံ |
| ၇။ စောဝင်းဝင်းကျော် | WLB - ဘင်္ဂလားဒေ့ချ်ဒေသတာဝန်ခံ |
| ၈။ စောသွန္တာစိုး | အဖွဲ့ဝင် |
| ၉။ စောဦးခင်မြ | အဖွဲ့ဝင် |

**မှတ်ချက်။ ။ ဘဏ္ဍာရေးဌာနကို အထွေထွေအတွင်းရေးမှူးမှ တာဝန်ယူကြီးကြပ်သွားမည်ဖြစ်ပါသည်။**

**<u>အရံဗဟိုကော်မီတီဝင်များ</u>**

| | |
|---|---|
| ၁။ စောလင်းမိုးအီး | ပညာရေးနှင့်စည်းရုံးရေးဌာနတာဝန်ခံ |
| ၂။ စောမအီးခိန် | ပညာရေးနှင့်စည်းရုံးရေးဌာန ဒု–တာဝန်ခံ |
| ၃။ စောမျိုးသန္တာ | ကျန်းမာရေးဌာန ဒု–တာဝန်ခံ |
| ၄။ စောစုစုလှိုင် | အဖွဲ့ဝင် |
| ၅။ စောအေးသိန်းဟန် | အဖွဲ့ဝင် |

တို့ကို ရွေးချယ်ကာ အသီးသီးတာဝန်ပေးအပ်ခဲ့ပါသည်။ တဆက်တည်းမှာပင် **"စောဟောမာစံ"** အား တိုင်းစည်းရုံးရေးဆိုင်ရာ ဥက္ကဌအဖြစ် ညီလာခံမှ တညီတညွတ်တည်း တာဝန်ပေးအပ်ကာ ရခိုင်အမျိုးသမီးများအစည်းအရုံးအတွက် လိုအပ်သော အရေးကြီးဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ကြပါသည်။

၄င်းနောက် အသစ်ရွေးချယ်တင်မြောက်ခြင်းခံရသော ဗဟိုကော်မီတီဝင်များ၊ အရံဗဟိုကော်မီတီဝင်များနှင့် တိုင်းစည်းရုံးရေးကော်မီတီ ဥက္ကဌတို့က ရခိုင်အမျိုးသမီးများအစည်းအရုံးအလံတော်ရှေ့မှောက်တွင် ကျမ်းသစ္စာရွတ်ဆိုကာ ညီလာခံကို နိုဝင်ဘာလ ၁၆ ရက် ညနေ (၄ နာရီခွဲ)တွင် အောင်မြင်စွာအဆုံးသတ်ခဲ့ပါသည်။

ဗဟိုကော်မီတီ
ရခိုင်အမျိုးသမီးများအစည်းအရုံး။
ရခိုင်–ဘင်္ဂလားဒေ့ချ်နယ်စပ်။